အလုပ်ရှင်နှင့် အလုပ်သမားများသို့

# ကိုရိုနာ ဗိုင်းယပ်စ် ကူးစက်ရောဂါကြောင့် အလုပ်နားသည့်အတွက် ကူညီပံ့ပိုးငွေ . ထောက်ပံ့ငွေ ပေးဆောင်မှုနှင့် ပါတ်သက်၍ အလုပ်ရှင်များသို့ အကူအညီ တောင်းခံခြင်း

## ကိုရိုနာဗိုင်းယပ်စ်ကူးစက်ရောဂါကြောင့် အလုပ်နားသည့်အတွက်ကူညီပံ့ပိုးငွေ · ထောက်ပံ့ငွေ သဘောတရား

အဓိကအားဖြင့် အောက်ပါ အချက်၂ချက်နှင့် ကိုက်ညီပါက အလုပ်နားရက် ထုပ်ပေးငွေ ၈၀% (၁ရက်အများဆုံး ၁၁,၀၀၀ယန်း)ကို ထုပ်ပေးသော စနစ် ဖြစ်ပါသည်။ ထို့အပြင် အလုပ်ရှင်က စိုက်ထုပ်ရန် မလိုအပ်ပါ။

**① ၂၀၂၀ခု ဧပြီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ရက်နေ့အထိ ကိုရိုနာဗိုင်းယပ်စ် ကူးစက် ရောဂါကြောင့် အလုပ်နားသည့် အလယ်အလတ်၊ အသေးစား စက်မှုလက်မှု လုပ်ငန်းရှင်**

**② ဤကဲ့သို့ လုပ်ငန်းနားသော်လည်း (အလုပ်နားကြေး) မရသော ပုဂ္ဂိုလ်**

## 「ထောက်ပံ့ငွေ လျှောက်လွှာ」 ဖြည့်စွက်ခြင်းအတွက် ～ အလုပ်ရှင်များသို့ အကူအညီ တောင်းခံခြင်း

အလုပ်နားသည့်အတွက်ကူညီပံ့ပိုးငွေ・ထောက်ပံ့ငွေ လျှောက်လွှာတွင် ပူးတွဲ ပါရှိသော 「ပေးဆောင်ရန် အတည်ပြုချက်」 တွင် အမှန်တစ်ကယ် အလုပ်နားကြောင်း သက်သေပြရန် လိုအပ်ပါသည်။

လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်ရန်အတွက် 「ပေးဆောင်ရန် အတည်ပြုချက်」 တွင် ဖြည့်စွက် ပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

《သတိထားရမည့် အချက်များ》

- ဤ ပေးဆောင်ရန် အတည်ပြုချက်သည် ထောက်ပံ့ငွေ ပေးဆောင်ရန်အတွက် စစ်ဆေးအတည်ပြုရန် သာဖြစ်ပြီး၊ **အလုပ်သမား စံဥပဒေ ပုဒ်မ၂၆ ရှိ အလုပ်နားကြေး ပေးဆောင်ရန် တာဝန်ရှိမရှိ စစ်ဆေးရန် မဟုတ်ပါ။**。
- လျှောက်လွှာတွင် **အလုပ်သမား အာမခံ နံပါတ် လိုအပ်ပါသည်။** စိုက်ပျိုးရေး လုပ်ငန်း တစ်စိတ်တစ်ပိုင်းမှ လွဲ၍ အလုပ်သမား ၁ ယောက် အထက်ရှိလျှင် မည်သည့် အလုပ်အမျိုးအစား၊ အရွယ်အစား မဆို အလုပ်သမား အာမခံကို လုပ်ဆောင်ရန် လိုအပ်ပါသည်။
- အလုပ်သမားက **အလုပ်နားသည့် ထောက်ပံ့ငွေကို လျှောက်ထားသည့် အချက်တစ်ခုတည်းအတွက် အလုပ်မှ ရပ်နားစေခြင်း၊ အလုပ်ခန့်မည်ကို မပြုလုပ်ခြင်း၊ အလုပ်ကန့်သန့်ချက်များကို ပြောင်းလဲခြင်းများရှိပါက အလုပ်သမား စံဥပဒေနှင့် နှိုင်းယှဉ်၍ အကျုံးမဝင်မှုများ ရှိနိုင်ပါသည်။**

ထို့အပြင် လုပ်ငန်းခွင်အတွင်း မသင့်တော်သော၊ အတွေ့အကြုံနှင့် အလှမ်းကွာသော အဆင့်နိမ့် အလုပ်များကို စေခိုင်းခြင်းသည်လည်း အလုပ်ခွင်အတွင်း ဖိအားပေးခြင်း ပင်ဖြစ်ပါသည်။

**အလုပ်နားသည့်ကူညီပံ့ပိုးငွေ လျှောက်ထားရာတွင် အခက်အခဲ ရှိနေသော ～အလုပ်သမားများသို့～**

အလုပ်နားသည့် ထောက်ပံ့ငွေကို လျှောက်ထားသည့်အတွက် အလုပ်မှ ရပ်နားစေခြင်း၊ အလုပ်ခန့်မည်ကို ရပ်ဆဲခြင်းများ စသည့် ပြဿနာများ ရှိနေပါက အထွေထွေ အလုပ်သမား တိုင်ပင်ရန် ဌာနသို့ ဆက်သွယ် တိုင်ပင်ပါ။

ဤဌာနသည် တိုင်းနှင့်ပြည်နယ်များရှိ အလုပ်သမား ဌာနနှင့် အလုပ်သမား စံနှုန်း ကြည့်ရှု ထိမ်းသိမ်းမှုဌာနများတွင်ရှိ အလုပ်မှ ရပ်နားစေခြင်း၊ အလုပ်ခန့်မည်ကို မပြုလုပ်ခြင်း၊ လစာလျှော့ခြင်း၊ အနိုင်ကျင့်ခြင်း၊ နှိပ်စက်ခြင်း၊ မတရားခိုင်းစေခြင်းစသည့် အလုပ်သမားပြဿနာများကို ဆွေးနွေးလက်ခံဖြေရှင်း နေပါသည်။

## အလုပ်နားသည့် ထောက်ပံ့ငွေနှင့် ပါတ်သက်၍ စုံစမ်းရန်

■ **အလုပ်သမား ဝန်ကြီးဌာန ဖုံးစင်တာသို့ တယ်လီဖုံးဖြင့် စုံစမ်းမေးမြန်းနိုင်ပါသည်။**

ကိုရိုနာ ဗိုင်းယပ်စ် ကူးစက်ရောဂါကြောင့် အလုပ်နားသည့်အတွက် ကူညီပံ့ပိုးငွေ . ထောက်ပံ့ငွေ ဖုံးစင်တာ

0120-221-276　Mon～Fri 8:30～20:00 / Sat, Sun and other Holiday8:30～17:15

တစ်ခြား အလုပ်နားသည့်အတွက်ကူညီပံ့ပိုးငွေနှင့် ပါတ်သက်သောQ&Aနှင့် လျှောက်လွှာများကို အလုပ်သမား ဝန်ကြီးဌာန ＨＰ တွင် ရေးသားထားပါသည်။「休業支援金」ဟုရှာဖွေနိုင်ပါသည်။

https://www.mhlw.go.jp/stf/kyugyoshienkin.html

# ကိုရိုနာ ဗိုင်းယပ်စ် ကူးစက်ရောဂါကြောင့် အလုပ်နားသည့်အတွက် ကူညီပန့်ပိုးငွေ . ထောက်ပန့်ငွေပေးဆောင်မှုနှင့် အကြုံးဝင်သည့် 「အလုပ်နားခြင်း」 နှင့် ပါတ်သက်၍ အသိပေးခြင်း

အလုပ်နားသည့်အတွက် ကူညီပန့်ပိုးငွေ . ထောက်ပန့်ငွေ ပေးဆောင်မှု နှင့် အကြုံးဝင်သည့် 「အလုပ်နားခြင်း」 ဆိုသည်မှာ ကိုရိုနာ ဗိုင်းယပ်စ် ကူးစက်ရောဂါကြောင့် သာမန် ရုံးပိတ်ရက်တွင် အလုပ်သမားအား အလုပ်နားစေခြင်း ဖြစ်ပါသည်။

အလုပ်နားသည့်အတွက် ကူညီပန့်ပိုးငွေ . ထောက်ပန့်ငွေ ပေးဆောင်မှုသည် **အခြေခံအားဖြင့် အလုပ်သမား၊ အလုပ်ရှင် အတူတစ်ကွ ပြုလုပ်သော ပေးဆောင်ရန် အတည်ပြုချက် ကိုစစ်ဆေး၍ အတည်ပြုပါသည်။**

「ပေးဆောင်ရန် အတည်ပြုချက်」 အရ အလုပ်ရှင်က အလုပ်သမားကို အနားယူစေကြောင်း သိရှိပါက၊ အလုပ်စာချုပ်စသည့် စာရွက်စာတန်းများ မလိုအပ်ပါ။

(မှတ်ချက်) ဥပမာ ကိုရိုနာ ဗိုင်းယပ်စ် ကူးစက်ရောဂါကြောင့် ဆိုင်ဖွင့်ထားသော **ကုန်တိုက်ကြီး တစ်ခုလုံးပိတ်၍ အလုပ်နားရသည် စသည့်၊**ပြင်ပအကြောင်းအရာများကြောင့်ဖြစ်စေကာမူ **အလုပ်ရှင်က အလုပ်သမားကို အနားပေးရာ ရောက်ပါသည်။**

## နေ့စား၊ စာရင်းသွင်းအလုပ်အမား၊ အလှည့်ကျအလုပ်အမား စသည်တို့နှင့် ပါတ်သက်၍

**ဤကဲ့သို့သော အလုပ်သမားများလည်း** အလုပ်မနားမီ အခြေအနေနှင့် အောက်ပါ အခြေအနေများ အပေါ်လိုက်၍ လျှောက်လွှာတင်နိုင်သည့် ကာလအတွင်း အလုပ်ရှင်က အလုပ်နားစေသည်ဟု နာလည်မှုရရှိပြီး 「ပေးဆောင်ရန် အတည်ပြုချက်」 ပြုလုပ်ပါက၊ **အလုပ်နားသည့်အတွက် ကူညီပန့်ပိုးငွေ . ထောက်ပန့်ငွေ ပေးဆောင်မှု နှင့် အကြုံးဝင်သည်။**

ထို့အပြင်၊ **「ပေးဆောင်ရန် အတည်ပြုချက်」 အပေါ် လက်တွေ့အရ အတည်မပြုနိုင်စေကာမူ၊ အောက်ပါ အချက်များအရ၊ အလုပ်နားသည့်အတွက် ကူညီပန့်ပိုးငွေ . ထောက်ပန့်ငွေ ပေးဆောင်မှု ခံယူနိုင်ပေသည်။**

1. **အလုပ်စည်းမျဉ်းအကြောင်းကြားစာတွင်「တစ်ပါတ်လျှင် ○ရက်」 စသကဲ့သို့ တိတိကျကျ ရေးထားသော၊ လျှောက်လွှာတင်နိုင်သော ကာလအတွင်း အလုပ်ဆင်း ဇယားရှိနေပါက** အလုပ်ရှင်အပေါ် ထိုအချက်များ မှန်ကန်ကြောင်း စစ်ဆေးနိုင်သည့်အခါ။

2. အလုပ်မနားခင် လမတိုင်မီ **လစာဖြတ်ပိုင်းအရ ၆ လအတွင်း အခြေခံအားဖြင့် ၄ရက်အထက် အလုပ်လုပ်ကြောင်း အတည်ပြုနိုင်ပြီး၊ အလုပ်ရှင်နှင့် ပါတ်သက်၍ ကိုရိုနာ ကူးစက်ရောဂါကြောင့် လျှောက်လွှာတင်နိုင်သော ကာလအတွင်း အလုပ် ဆက်လက် လုပ်ကိုင်လိုသော ဆန္ဒ ကို သိရှိပါက** (သို့သော် ကိုရိုနာကူးစက်ရောဂါနှင့် မသက်ဆိုင်ပဲ အလုပ်အနားယူပါက အကြုံး မဝင်နိုင်ပါ။)

## သတိပြုရမည့် အချက်များ

- ပေးဆောင်ရန် အတည်ပြုချက်ကို ပြုလုပ်ရာတွင် အလုပ်ရှင်၏ အကူညီ မရနိုင်သောအခါ၊ ထိုအကြောင်းကို ပေးဆောင်ရန် အတည်ပြုချက် စာရွက်ပေါ်တွင် ရေးသား၍ အလုပ်သမားက လျှောက်တင်နိုင်ပါသည်။ ထိုအခါ တိုင်းနှင့်ပြည်နယ် အလုပ်သမားရေးရာဌာနမှ အလုပ်ရှင်အပေါ် အတည်ပြုခြင်း၊ ကူညီရန် တောင်းခံခြင်းများ ပြုလုပ်ပါမည်။
- တိုင်းနှင့်ပြည်နယ် အလုပ်သမားရေးရာဌာနမှ အလုပ်ရှင်နှင့် လျှောက်လွှာတင်သူ အပေါ် ဆက်နွယ်ရာ စာရွက်စာတန်းများ တောင်းခံတတ်ပါသဖြင့် ကူညီ တင်ပြပေးစေလိုပါသည်။

## ထောက်ပန့်ငွေ မပေးဆောင်နိုင်ကြောင်း အကောင်းကြားစာ ရရှိထားပြီးသူများသို့

ပုံမှန်အားဖြင့် အလုပ်နားသည့်အတွက် ကူညီပန့်ပိုးငွေသည် တစ်ကြိမ်ပေးဆောင်ပြီးပါက၊ သို့မဟုတ် ငြင်းပယ်ခြင်း ခံရသည့် လအတွက် ပြန်လည် ဆုံးဖြတ်ခြင်း မပြုလုပ်ပါ။

သို့သော် 「အမှန်တစ်ကယ် အနားယူခြင်း」 နှင့် 「အမှန်တစ်ကယ် အလုပ်ခန့်ထားခြင်း」 ကို အတည်ပြုနိုင်ပါက ထောက်ပန့်ငွေ မပေးဆောင်နိုင်ဟု အကြောင်းကြားစာ ရရှိထားသူ ဖြစ်စေကာမူ ဤစာစောင်ပါ အချက်များနှင့် ပြည့်စုံပါက၊ ထပ်မံ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာနှင့်အတူ၊ လိုအပ်သော စာရွက် စာတန်းများအပြင် ငြင်းပယ်ခံရကြောင်း အကြောင်းကြားစာ ကော်ပီကိုလည်း ထည့်သွင်း ပေးပို့စေလိုပါသည်။